လေ့လာနေတဲ့ ပုဂ္ဂိုလ် ကြားဖူးတော့ နား၀ ။ နား၀တော့ တရားရတယ် မဟောဘူးလား။ ကြားတဲ့ အခါ သတိမပြုရဘူးလား။ သတိပြုတဲ့အခါ ခွေးမသားလား အသံလား။ အသံလို့ ကြားတာနဲ့ ခွေးမသားလို့ ကြားတာ တူရဲ့လား။ အသံလို့ ကြားတော့ နှလုံးသွင်း မမှန်လား။ ခွေးမသားလို့ ကြားတော့ နှလုံးသွင်း မမှားလား။ ဒါကြောင့် စိတ်ဆိုးတာကွဲ့။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ မဟောဘူးလား။ အဝိဇ္ဇာ နှလုံးသွင်းမှားတော့ စိတ္တသင်္ခါရ ဖြစ်တော့တာဗျား။ စိတ္တသင်္ခါရ ဖြစ်တော့ကာ အာလွန်လျှာလွန် ဝစီသင်္ခါရ မလာဘူးလား။ ကြာတော့ ခြေလွန် လက်လွန်တွေ မလာဘူးလားဟေ့။ အဲလို စဉ်းစား။ ဒါ ပဋိစ္စသမုပ္ပါဒ်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ လို့ မဟောဘူးလား။ ကဲ အသံလို့ သိ ဒါ သတိပြုတဲ့ အခါ အသံလို့ နှလုံးသွင်းဖို့ မလိုဘူးလား။ အသံလို့ သိတာ သောတဝိညာဏ် နာမ်တရား မရလား။ သောတ အကြည်နဲ့ အသံက ရုပ်တရား မရလား။ နာမ် ရုပ် နှစ်ပါး။ ကဲ ခွေးမသားလား နာမ်နှင့် ရုပ်။ ကဲ နာမ် ရုပ်တွေ့တဲ့ အခါ ခွေးမသား တွေ့သေး ရဲ့လား။ လူကား တွေ့သေးရဲ့လား။ နတ်ကား တွေ့သေးရဲ့လား။ နာမ် ရုပ်က ပရမတ်။ ခွေးမသားက ပညတ်။ နာမ် ရုပ်က ပရမတ်။ လူက ပညတ်။ နာမ် ရုပ်က ပရမတ်။ ပုဂ္ဂိုလ် သတ္တဝါ ပညတ်။ ပညတ်ဆိုတာ ခေါ်တာ ပြောတာ သမုတ်တာ ရှိတာ မဟုတ်ဘူး။ သမုတ်ရှိ။ အမြင်ခံ အရှုခံအနေနဲ့ ရှိတဲ့ တရား မဟုတ်။ ကြားလား။ အဲလို စိစစ်ဖို့ မကောင်းလားဟေ့။

ဒါကြောင့် မရှိ ပညတ်က လူနတ်ပြဟ္မာ သတ္တဝါလို့ မဟောဘူးလား။ အိမ်ထောင်ရက်သား ကျပြီး တော့မှ သားလေး တစ်ယောက်လောက် ထွန်းကားလာတယ်။ အဲဒီ သားလေးဟာ နာမည်ပါရဲ့လား။ တစ်နှစ် နှစ်နှစ်ကျတော့ မိဘက နာမည် မပေးဘူးလား။ မွေးကတည်းက ပါတာ ဟုတ်ကဲ့လား။ သြော် မိဘက ပေးတဲ့ နာမည်။ နာမပညတ်။ ဘာမွေးတာလဲဟေ့။ ယောကျာ်းလေး မွေးတယ်ကွဲ့။ မိန်းမလေး မွေးတယ်ကွဲ့။ မပြောဘူးလား။ စဉ်းစားနော်။ မိန်းမယောကျာ်း ဆိုတာ ပညတ်ကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ပညတ်။ အမြင်ခံက မိန်းမလား အဆင်းဓာတ်။ ယောကျာ်းလား အဆင်း ဓာတ်လား။ အဲလို စဉ်းစားကွဲ့။ အဆင်းပဲ တွေ့တယ်။ အဲဒီ ရူပက္ခန္ဓာကြီးက ချောင်းထဲ မြစ်ထဲမှာ ရှိတဲ့ ရေမြှုပ်ကြီးကဲ့သို့ မဟောဘူးလား။ အဲလို စိစစ်ဖို့ မကောင်းလားဟေ့။ ဒီလိုဆို အဲလို မြင်မယ်ဆို ကဲ စိတ်ဆိုးစရာ လိုသေးရဲ့လား။ အသံ ရူပက္ခန္ဓာ၊ ရေမြှုပ်ကြီး ပမာဏ လို့ မဟောဘူးလား။ အသံ ရူပက္ခန္ဓာနော်။ ကဲ အသံလို့ ကြားသိတာလေးက နှလုံးသွင်း မမှန်ဘူးလား။ ဆဲတယ်ဆိုတော့ နှလုံးသွင်း မမှားလား။ အသံဆို မှန်တယ်နော်။ အဲဒီ အသံထဲမှာ စိတ်ဆိုးစရာ မပါဘူး။ ဝမ်းသာစရာ လည်း မပါဘူး။ ကြားလား။

ကဲ နိုင်ငံခြားသား တစ်ယောက် မိမိကနေပြီးတော့မှ ဗမာလို နားမလည်တဲ့ ပုဂ္ဂိုလ် အဲဒီ သူ့ရှေ့မှာ ပြောတယ်။ မဟုတ်ကာမှ နေဟေ့ အဲဒီလူဟာ ဖအေက ခွေး၊ မအေကတော့ လူဖြစ်လိမ့်မယ်။ ခွေးနဲ့ လူနဲ့ စပ်မွေးတာ။ အဲဒီလူ မကြားဘူးလား။ ကြားမလား။ စိတ်ဆိုးမလား။ မဆိုးဘူးကွဲ့ ကြည့်။

အသံထဲမှာ မပါဘူး။ စဉ်းစားဖို့ မကောင်းလား။ မပါဘူး။ နောက်တော့ လူရှည်လည်ပြီးတော့မှ နည်းနည်းလေး စကားလေး စုံလို့ တတ်တဲ့အခါကျတော့ ဒီလို ဒီလိုပ့ါဆို အဲဒီအခါမှ စိတ်ဆိုး တော့တာ ။ ငါ့ကို ဒီလို ပြောရမလား။ ကြားလား။ သူ မူလကြားတုန်းက စိတ်မဆိုးဘူးကွဲ့နော်။ အဲဒါ သညာဝိပလ္လာသ။ သူ ကိုယ်တိုင် ကြားတာ ဟုတ်ကဲ့လား။ တဆင့် ပြောတာ။ အမှတ်မှားတာ။ အသံက ရုပ်တရား မရလား။ အသံလို့ ကြားသိတာလေးက နာမ်တရား မရလား။ အဲဒီမှာ ဆဲတယ်လို့ နလုံးသွင်းမှားတာ။ မှားတော့ ဝိပလ္လာသ အနေနဲ့ ဆဲတယ်လို့ အမှတ် မမှားလား။ သညာဝိပလ္လာသ။ အမှတ် မှားတော့ ဆဲတယ်လို့ အသိ မမှားလား။ စိတ္တဝိပလ္လာသ။ အသိမှားတော့ ဆဲတယ်လို့ အမြင် အယူအဆ မမှားလား။ ဒိဋ္ဌိဝိပလ္လာသ ။ အဲကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်တာဗျ။ ကဲ အမှန်သိတော့ အမှား မပျောက်လား။ ကဲ ကြားတဲ့အခါမှာ ကြားတယ်။ အသံလို့ ကြားသိစိတ်လေးက သောတဝိညာဏ် နာမ်တရား။ အသံက ရုပ်တရား။ နာမ် ရုပ် နှစ်ပါး။ ကဲ အဲဒီ နာမ် နဲ့ ရုပ်လို့ တွေ့တဲ့အခါ လူတွေ့သေးရဲ့လား။ နတ်ကား တွေ့ရဲ့လား။ ပြဟ္မာကား တွေ့ရဲ့လား။ လူနတ်ပြဟ္မာ မတွေ့ ဆဲတာကား တွေ့ရဲ့လား။ တွေ့တာက နာမ် နဲ့ ရုပ်နော်။

ထင်တာနဲ့ မြင်တာနဲ့ ပိုင်းခြား

ဒါမို့ ဆရာတော်ဘုရားကြီးက နားက တရားကို နာ ။ ဉာဏ်က ခန္ဓာလှည့် လို့ မဟောဘူးလား။ ကဲ ခန္ဓာလှည့်တဲ့ အချိန်လေးမှာ ရာဂ ဒေါသ မောဟ ဖြစ်သေးရဲ့လား။ အဲဒါ ဉာဏ် အလုပ် လုပ်တဲ့ အချိန်ကွဲ့ ကြားလား။ အလုပ် လုပ်တဲ့ အချိန်မှာ လွတ်မနေဘူးလား ဟေ့။ စဉ်းစား။ နာမ် ရုပ် တရား နှစ်ပါးက ရုပ် တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ နာမ်တရားက သိပြီးတော့ မပျက်လား။ နိစ္စလား အနိစ္စ။ အနိစ္စ။ အနိစ္စဆို နာမ် ရုပ်တွေ့တာလား မရှိတာ တွေ့တာလား။ မရှိတာ အနိစ္စ သိတာ မဂ္ဂ လို့ မဟောဘူးလား။ အဲလို စိစစ်ဖို့ လိုတယ်။ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်နော်။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ။ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ။ အနတ္တလက္ခဏာ ဒုက္ခသစ္စာ ဆင်းရဲတာက လွဲလို့ ဘာမှ မရှိ။ ရှိရဲ့လား။ အဲလို မြစ်ရေများ စီးသလို တသွင်သွင် ဖြစ်နေတာနော်။ ဆင်းရဲတယ်လို့ အမှန်သိကာ ကဲ ချမ်းသာတယ်လို့ လာသေးရဲ့လား။ ဆင်းရဲတာက ပြောင်းရဲ့လား။ အဲဒါ ရေများ မြစ်ရေများ စီးသလို လို့ မဟောဘူးလား။ အခု ဆယ့်ခါ တစ်ခါ ခလုတ်တိုက်လို့ နာတာက ဆယ့်ခါ တစ်ခါ ပါတကားကွဲ့။ အဲဒါ ဝေဒနာ။ ဒုက္ခသစ္စာ မဟုတ်။ ဒုက္ခဝေဒနာ ကိုယ်မှာ ပေါ်သည် မဟော ဘူးလား။ သုခဝေဒနာ ကိုယ်မှာ ပေါ်သည် မဟောဘူးလား။ အလို မကျတော့ကာ ဒေါမနဿ။ အလိုကျတော့ သောမနဿ။ စိတ်မှာ ပေါ်သည် မဟောဘူးလား။ ကဲ ခန္ဓာ မှာပြတာ မဟုတ်ဘူး ကွဲ့နော်။ သူ့စိတ်က ထင်တာ။ ထင်တယ် ဆိုတာ မြင်တာ ဟုတ်ကဲ့လား။ ထင်တာ မှားတတ် တယ်ကွဲ့ ကြားလား။ အဲလို လေ့လာဖို့ မကောင်းလား။ ထင်တာနဲ့ မြင်တာနဲ့ ပိုင်းခြားနော်။ ကဲ ဒုက္ခသစ္စာ ပိုင်းခြားလို့ သိတော့ သမ္မာဒိဋ္ဌိလို့ ဟော မဟော။ သမ္မာဒိဋ္ဌိဆိုတော့ နလုံးသွင်းမှားတဲ့

မိစ္ဆာဒိဋ္ဌိ မချုပ်ဘူးလား။ ကဲ အဝိဇ္ဇာ မချုပ်ဘူးလား။ အဝိဇ္ဇာချုပ်ရင် တဏှာလာသေးရဲ့လား။ ဉပါဒါန် လာသေးရဲ့လား။ အာသဝအနေနဲ့ ကာမာသဝနဲ့ ဘဝါသဝ မချုပ်လား။ ရှေ့ပိုင်းက နာမ်ရုပ်သိတော့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ မချုပ်လား။ အာသဝေါတရား လေးပါး မကုန်လား။ ကုန်ရင် သမုဒယသစ္စာ မသေလား။ နောက် ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓ သစ္စာလို့ မပြောဘူးလား။ အဲလို စိစစ်ဖို့ လိုတယ်ကွဲ့ နော်။ အဲဒါ လိုရင်းအချက်တွေ ။ ဤနေရာရောက်ဖို့ လိုတယ်။ သစ္စာလေးပါး သိဖို့ လိုတယ်။ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ။ အာသဝေါတရား လေးပါး ကုန်မှ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖျား။ ဤနေရာရောက်အောင် ကြိုးစား အားထုတ်ရမယ်။

<u>ဆွမ်းအလှူရှင် ဒိဋ္ဌိဖြုတ်။</u>

ဒီနေ့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ တရားနာတဲ့ ပုဂ္ဂိုလ်တွေ ... သဗ္ဗေ သတ္တာ အာဟာရ ဋ္ဌိတိကာ။ လို့ မပြောဘူးလား။ အာဟာရ မမှီဝဲဘဲနဲ့ တရားအားထုတ်လို့ ဖြစ်ကဲ့လား။ နေစရာ ထိုင်စရာ မရှိရင်ကား ဖြစ်ပါမလား။ မဖြစ်ဘူး။ ဒါတော့ ဒီနေ့ ဆွမ်းအလှူရှင် ဘယ်သူတွေလဲလို့ စိစစ်ဖို့ မကောင်းလား။ အရုဏ်ဆွမ်း အလှူရှင်တဲ့ ဆွမ်းဒါယကာ။ ဝိညာဏ်မြင် သမ္မုတိသစ္စာ အားဖြင့် ဦးစံလင်း ဒေါ်စန်းစန်းမြင့် ကိုထိန်လင်း မခင်မျိုးမြင့် ဦးသီဟန်တဲ့ ဒေါ်မေသန်းလွင်။ အရုဏ်ဆွမ်း အလှူရှင်။ နေ့ဆွမ်း အလှူရှင်က ဦးသိန်းထူးအောင် ဒေါ်စီစီသန်းတဲ့။ မြတ်မြတ်မွန် တဲ့ တူးတူးမွန် မိသားစုရဲ့ ဆွမ်းအလှူတဲ့။ ဝိညာဏ်မြင်။ သမ္မုတိသစ္စာဘက်က နော်။ တခါ အလှူခံ ပုဂ္ဂိုလ် တွေက ရဟန်း တရားအားထုတ်တဲ့ ယောဂီလို့ မပြောရဘူးလား။ အလှူခံ ပုဂ္ဂိုလ်လေ။

ပညာမြင် ပရမတ္ထသစ္စာဘက်က ကြည့်တော့ အလှူခံ ပုဂ္ဂိုလ်က သီလ သမာဓိ ပညာ။ သီလနဲ့ ပြည့်စုံရမယ်။ သမာဓိ ပြည့်စုံရမယ်။ ပညာ ပြည့်စုံရမယ်။ အနည်းဆုံး သီလနဲ့ ပြည့်စုံမှ။ စိစစ်ဖို့ မကောင်းလား။ အဲလို လေ့လာ။ အလှူပေးတဲ့ ပုဂ္ဂိုလ်က ဘယ်သူလဲလို့ ကျွေးချင်တာ မွေးချင်တာ လှူချင် တန်းချင်တာ သူတွေ ငါတွေလား စေတနာ။ စေတနာက နာမ်တရား မရလား။ သူနဲ့ သဟဇာတဖြစ်တဲ့ စိတ္တဇဝါယောက ရုပ်တရား မရလား။ နာမ် ရုပ် နှစ်ပါး။ စဉ်းစားနော်။ အဲဒီ နာမ်ရုပ် တရား နှစ်ပါးကို တင်စားပြီး ကာမှ နာမည်တွေ ဆွမ်းအလှူရှင် ဘယ်သူတွေလို့ မပြောရဘူးလား။ စင်စစ်ကတော့ နာမ်နှင့်ရုပ် ပေါ့။ ကဲ လှူရင်း တန်းရင်းနဲ့ နာမ် ရုပ် တွေ့နေပြီကွဲ့။ စဉ်းစားဖို့ မကောင်း လား။ အဲဒါ လိုရင်း အချက်တွေ နော်။ ကဲ လိုက်ဆိုကြ။ ကျွေးချင် မွေးချင်တာက စေတနာက နာမ်တရား။ စေတနာက နာမ်တရားနော်။

ကျွေးချင် မွေးချင်တာက စေတနာက နာမ်တရား။

ကျွေးတာ မွေးတာ စိတ္တဇဝါယောက ရုပ်တရား။

နာမ် ရုပ် နှစ်သင်း အချင်းချင်း ကျွေးရင်း မွေးရင်း အလုပ်လုပ်။

ကျွေးတာ မွေးတာ ငါမဟုတ် သူမဟုတ်။ ကျွေးတာ မွေးတာ နာမ်နှင့် ရုပ်။

ပောာ ဦးစံလင်းလား နာမ်နှင့်ရုပ်လား၊ ဒေါ်စန်းစန်းမြင့်လား နာမ်နှင့်ရုပ်လား၊ ဦးထိန်လင်းလား နာမ်နှင့်ရုပ်လား၊ မခင်မျိုးမြင့် လား နာမ်နှင့်ရုပ်လား၊ ဦးသီဟန်လား နာမ်နှင့်ရုပ်လား၊ ဒေါ်မေသန်း လွင်လား နာမ်နှင့်ရုပ်လား၊ ဦးသိန်းထူးအောင်လား နာမ်နှင့်ရုပ်လား၊ ဒေါ်စီစီသန်းလား နာမ်နှင့်ရုပ် လား၊ နာမ်ရုပ်ပဲ တွေ့တယ်နော်။ နာမ်ရုပ်တရားနှစ်ပါးမှာ တင်စားပြီးတော့ မပြောရဘူးလား။ ကဲ အဲဒါ နာမ်ရုပ်က ပရမတ်တရား မရဘူးလား။ ပုဂ္ဂိုလ် သတ္တဝါက ပညတ် မရဘူးလား။ စဉ်းစား။ မပြော မဖြစ်လို့ ပြောရတယ်။ အဲလို စိစစ်ဖို့ မကောင်းလား။ ကဲ ဉာတပရိညာ ပိုင်းခြားလို့ သိပါလို့ မပောာဘူးလား။ ကဲ အလျှုရှင် တကယ်စစ်ကြည့်တော့ နာမ်ရုပ်တရားနှစ်ပါး ပေါ့ကွဲ့။ ကျွေးတာမမြဲ ကျွေးဆင်းရဲ ကျွေးတာထဲ ငါမပါ အဲဒါ ဝိပဿနာ။ ကျွေးတာ မမြဲဆိုတာ အနိစ္စပေါ့။ ကျွေးဆင်းရဲ ဆိုတာ ဒုက္ခပေါ့။ ကျွေးတာထဲ ငါမပါ ဆိုတာ အနတ္တ လို့ မပောာဘူးလား။ အဲလို စိစစ်ဖို့ လိုတယ်နော်။ ကဲ အနိစ္စ ဒုက္ခ အနတ္တ ပွားလို့ သိတဲ့တရားကို ကွဲ့။ ကြားလား။ အနိစ္စ ဒုက္ခ အနတ္တပဲ တွေ့တယ်။ အနိစ္စ ဒုက္ခ အနတ္တ တွေ့တော့ကာ တီရဏပရိညာ အနေနဲ့ ပိုင်းခြားဖို့ မလိုဘူးလား။ နာမ်ရုပ်တရား နှစ်ပါးနဲ့ အနိစ္စနဲ့ ပိုင်းခြားဖို့ မလိုဘူးလား။ အနိစ္စ တရားတွေ့တဲ့ အခါ နာမ်ရုပ် တွေ့သေးရဲ့ လား။ ဒုက္ခ တရားတွေ့တဲ့ အခါ နာမ်ရုပ် တွေ့သေးရဲ့ လား။ အနတ္တ တရားတွေ့တဲ့ အခါ နာမ်ရုပ် တွေ့ သေးရဲ့ လား။ အနိစ္စ တရား နဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ ဒုက္ခ တရား နဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။အနတ္တ တရား နဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ တီရဏပရိညာ။ ပောာ နာမ်ရုပ် ကို တွေ့တော့ကာ လူနတ်ပြဟ္မာ တွေ့သေးရဲ့လား။ ဉာတပရိညာ။ အနိစ္စ ဒုက္ခ အနတ္တ တွေ့တော့ကာ နာမ်ရုပ် တွေ့သေးရဲ့လား။ တီရဏပရိညာ။ အနိစ္စ ဒုက္ခ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့ မပောာဘူး လား။ ဖြစ်ပျက် ဘာသစ္စာလဲ။ ချမ်းသာတဲ့တရားလား။ ဆင်းရဲတဲ့တရားလား။ ဆင်းရဲတဲ့တရားကို သုခလို့ ခေါ်မလား ဒုက္ခ။ အဲဒါ အမှန်သိတာ ယထာဘူတ ဉာဏ် လို့ မပောာဘူးလား။ ဆင်းရဲတာက လွဲလို့ ဘာများတွေ့သေးသလဲ။ ခန္ဓာရတဲ့ ပုဂ္ဂိုလ် ဟူသရွေ့ နေ့စဉ်နှင့်တကွ ဆင်းရဲတဲ့တရားနဲ့ နေရတာနော်။

<u>သုခနှင့် ဒုက္ခ။</u>

ရှေးထက်ကျော်ကာရီက ကဿပ မြတ်စွာဘုရား သာသနာတော်က ဥပါသကာတစ်ယောက်။ ဒါနကုသိုလ် သီလကုသိုလ်ပြု သေဆုံးလို့ နတ်ပြည်မှာသွား နတ်သား သွားဖြစ်။ ဂေါတမ မြတ်စွာ ဘုရား ပွင့်တဲ့အခါ ပညာတေဒဂ် ရတဲ့ ရှင်သာရိပုတ္တရာနဲ့ သွား တွေ့တယ်။ အရှင်ဘုရား တပည့် တော် ပုစ္ဆာလေး မေးပါရစေဘုရား။ အေး တွေ့တဲ့အခါ မေးပေါ့။ သုခဆိုတဲ့ တရားနဲ့ ဒုက္ခ ဆိုတဲ့ တရားလေး ရှင်းပေးစမ်းပါ။ နောင်တဖန် ခန္ဓာ ရရင် ဒုက္ခ။ နောင်တဖန် ခန္ဓာ မရ သုခလို့ အဖြေ မပေးလားပော့။ ကဲ အခုလည်း ဒုက္ခသစ္စာ ပိုင်းခြားသိတဲ့အခါ ဆင်းရဲတဲ့တရားလို့ တကယ်သိ နောင်တဖန် ဒီ ခန္ဓာမျိုး ရချင်သေးရဲ့လား။ လက်ရှိ ခန္ဓာ မတွယ်တာ ဘူးပေါ့။ နောင် ခန္ဓာ

တောင့်တဦးမလား။ အဲလို သိပြီးတော့မှ လှူလိုက်တဲ့ အခါကျတော့ကာ သိ ပယ် ဆိုက် ပွား လေးပါး ကိစ္စ မဂ်တစ်ခဏ ဆိုတော့ ရာဂ ဒေါသ မောဟ ဝင်သေးရဲ့လား။ အဲလို သိဖို့ မလိုလား။ သစ္စာသိ လို့ လှူတဲ့ အလှူမှ စိတ်ချရတယ်လို့ မပြောဘူးလား။ စဉ်းစား ကွဲ့။ စဉ်းစားကွဲ့။ ဒါ အလုပ်တွေ။ ဒီတရား သိဖို့လိုတယ်နော်။

<u>ငါပါလျှင် အရာရာ ရှုပ်ထွေး သွားလေရာ ဒုက္ခပေးတဲ့ ညှော်သည်ရဲ့ ခွေး</u>

တွယ်တာတဲ့ သမုဒယတွေ ဖြစ်သေးရဲ့လား။ အဲဒါ ဘယ်လိုတွေ စဉ်းစားရမှာလဲ ။စိစစ်ဦး။ ကဲ သင်္ကန်းက အင်မတန် အဖိုးတန်တဲ့ စီဝိုင်စီ အကောင်းစား သောင်း ငါးထောင်လောက် ပေးရတယ်။ ဘုန်းကြီးကို အင်မတန် ကြည်ညိုတယ်။ ဘုန်းကြီးကို လှူလိုက်တာ။ ဘုန်းကြီးကလည်း အကပ်ခံလို့ ဘုန်းကြီး လက်ထဲ ရောက်လာပြီ။ ကဲ ဘုန်းကြီး ပိုင်သွားပြီ။ ဒကာမဟာ ဟုတ်ကဲ့လား။ ဒကာကြီးဟာ ဟုတ်ကဲ့လား။ မကပ်ခင်ကတော့ ဒကာတို့ ဟာပေါ့နော်။ အဲလို ဘုန်းကြီးကို လှူတော့ ဒကာ စိတ်ထဲမှာ ကျေကျေနပ်နပ် ဖြစ်မသွားဘူးလား။ ကဲ အနားမှာ ရှိတဲ့ ကိုယ်တော်တစ်ပါးကို ဘုန်းကြီးက လှူလိုက်တာ။ အဲဒီအခါ ဒကာတို့က ကျေနပ်ပါမလား။ မကျေနပ်ဘူး။ စဉ်းစား။ ကျေနပ်ဘူး။ ကဲ သံဃာသ ဒေမ တော့ နှုတ်က ရတယ်။ အဲဒီနေရာကျတော့ မကျေနပ်တော့ဘူး ။ ငါ ဝင်နေတော့တာ ကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ဒိဋ္ဌိငါ ဝင်တာ။ ကဲ အဲသလို လှူလိုက်တော့ တိုးမလာဘူးလား။ ကုသိုလ်တိုးလာတာ။ ကုသိုလ်တိုးလာတာ။

ရှေးက သူဌေးကြီး တစ်ယောက် ကြားဖူးတယ်။ နံနက် အိပ်ရာ စောစောထလို့ လမ်းလျှောက်တယ်။ ကင်းတဲမှာ အိပ်တဲ့လူက ခြေသလုံးက ရွံ့တွေနဲ့ ဟင် ဒီလူက ညလူကိုး။ ညလူဆိုတော့ သူခိုးပေါ့ကွာ။ ခေါင်းမြီးခြုံ ဖွင့်ကြည့်တော့ သူဌေးကြီး မြင်တယ်။ သူဌေးကြီးရဲ့ လယ်ယာကိုင်းကျွန်းတွေ အကုန်လုံး မီးရှို့ပစ်တာ။ သူဌေးကြီးက လှုပ်လှုပ် မရှိဘူး။ အပြုံး မပျက်။ ဟိုဟာတွေ မီးရှို့ ဒီဟာ တွေ မီးရှို့။ အပြုံး မပျက်။ အင်း ငါ ဘယ်လို လုပ်ရမလဲ။ သူဆောက်ထားတဲ့ ဘုရား သီတင်းသုံး မြတ်စွာဘုရား သီတင်းသုံးတဲ့ ကျောင်းကြီးကို မီးရှို့ပစ်တာ။ ကြားလား။ အဲတော့… သူဌေးကြီးက သွားကြည့်တာ အဲဒီကျောင်းကြီးကို ပြုံးပြုံးလေးတဲ့။ ကုသိုလ် အသစ်တိုး ပြန်ပြီ။ ကုသိုလ် အသစ်တိုး ပြန်ပြီ။ တဲ့။ ဝမ်းသာတာကြည့်။ စဉ်းစားဖို့ မကောင်းလား။ ဘုန်းကြီးသာဆိုကွာ သိန်းပေါင်း ဘယ်လောက် ကုန်တာ။ နမျောတာပေ့ါ။ လာတော့တာ။ မနေဘူးလား။ ဘုန်းကြီးထက် ဆိုးဦးမှာ နင်တို့တွေက။ ကြားလား။ ဟို သူဌေးကြီးက ဝမ်းသာတာ။ ကုသိုလ် အသစ် ရပြန်ပြီတဲ့ဗျား။ အဲသလိုတွေ စိတ်နေ စိတ်ထား ပြောင်းဖို့ မလိုဘူးလား။ အခုတော့ တဆင့်လှူလိုက်တော့ မကျေနပ်ပြီ။ ကြားလား။ လှူတာ ပြတ်ကဲ့လား။ မပြတ်ဘူး။ ငါ မပျောက်လို့ ကွဲ့။ အဲလို စိစစ်ဖို့ မကောင်းလား။ ငါပါလျှင် အရာရာ ရှုပ်ထွေး သွားလေရာ ဒုက္ခပေးတဲ့ ညှော်သည်ရဲ့ ခွေးတဲ့။ ညှော်သည် အိမ်ရှင်များ ခွေးပါရင် အင်မတန် ဣန္ဒြေမရဘူး။ ကြားလား။ စိစစ်ဖို့ မကောင်းလား။ အဲဒီ ဒိဋ္ဌိခွေးသာ ပါရင် ဣန္ဒြေကို

မရတော့တာပေါ့။ အဲလို လေ့လာဖို့ မကောင်းလား။ သိမှ ပယ်နိုင်တာနော်။ ကဲ သိ ပယ် ဆိုက် ပွား လေးပါး ကိစ္စ မဂ် တစ်ခဏလို့ မပြောဘူးလား။

ကဲ ဒုတိယ ဆက်အားထုတ် ကြည့် ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ဒုတိယကျတော့ အသိဉာဏ်က ရင့်တော့ ခန္ဓာက လွတ်ချင်တဲ့စိတ်တွေ ကျွတ်ချင်တဲ့ စိတ်တွေ မပေါ်လား။ နိဗ္ဗိန္ဒဉာဏ်။ အပြောအဆို အနေအထိုင်တွေ အခါတိုင်းနဲ့ တူရဲ့လား။ အကုန်လုံး မူပြောင်းသွားတယ်နော်။ တမူထူးခြားတာပေါ့။ အဲဒါ နိဗ္ဗိန္ဒဉာဏ်။

တတိယ ဆက်ကြိုးစားကြည့် ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ခြေစ ခေါင်းဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ။ သုခဆိုတဲ့ တရား အပ်ဖျား တစ်ထောက်စာ မျှ တွေ့ရဲ့လား။ အပ်ဖျား တစ်ထောက်စာ မျှ သုခ မတွေ့တာ ရှိလို့လား မရှိလို့လား။ မရှိ ဒုက္ခအတိ လို့ မပိုင်းခြားလား။ ပိုင်းခြားလိုက်တဲ့ တစ်ချိန် သမ္မာဝါစာ-သမ္မာကမ္မန္တ- သမ္မာအာဇီဝ သီလ မဂ္ဂင်သုံးပါး မဝင်လား။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းလိုက်တော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါးပြည့်တဲ့ အချိန် ခန္ဓာငါးပါး တွေ့သေးရဲ့လား။ ဖြစ်ပျက်ကား တွေ့သေးရဲ့လား။ လောကုတ္တရာ လို့ မပြောလား။ သောတာပတ္တိမဂ်-သောတာပတ္တိဖိုလ် ဘာတွေ ပယ်တာလဲ ။ ဒိဋ္ဌိ-ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယ ကိလေသာ မပယ်လား ။ ဒိဋ္ဌိ-ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယ ကိလေသာ ပယ်တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား ။ မနောကံ မလာ...ဝီတိက္ကမ ကာယကံ၊ဝစီကံ လာသေးရဲ့လား။ မလာရင် အပါယ်သွားတဲ့ ကံတွေ မကုန်လား။ အပါယ် ခန္ဓာ ဇာတ်မသိမ်းလား။ ပဟာနပရိညာလို့ မပြောဘူးလား။

ဉာတပရိညာ၊တီရဏပရိညာ၊ ပဟာနပရိညာ ဤ ဉာဏ် သုံးဉာဏ်ရတဲ့ ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာကစ ပါဏာတိပါတကံနဲ့ အသက်မွေးခဲ့တာ၊ အဒိန္နာကံနဲ့ အသက်မွေးခဲ့တာ၊ ကာမေသု မိစ္ဆာစာရ ကံနဲ့ အသက်မွေးခဲ့တာ ၊မုသာဝါဒကံနဲ့ အသက်မွေးခဲ့တာ၊ သုရာမေရယကံ နဲ့ အသက်မွေး ခဲ့တာ အကုသိုလ်ကံဟောင်း ကြွေးဟောင်း အနန္တတွေ အကျိုးပေးခွင့် ရသေးရဲ့လား။ အကုန်လုံး အဟောသိကံ ဖြစ် မသွားလား။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ ။(ဒုက္ခသစ္စာပါဘုရား။) သိတာက ----။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက ---။ (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ။(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ် နှစ်ကွက် ရှိ။ (လေးကွက်ရှိပါတယ် ဘုရား။)တစ်ကွက်လျှင် ဘယ်နှစ်ပါး။(ငါးပါးပါ ဘုရား။)ငါး လေးလီ။ (နှစ်ဆယ်။) ဤရှစ်သွယ်ကို ။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု သာဓု သာဓု။